IOM International Organization for Migration

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်

ထုတ်ဝေချက် ၈ – နိုဝင်ဘာ ၂၀၁၀

၂၀၁၀ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ/ဗမာနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမား ၉၃၂,၂၅၅ဦးကို ၎င်းတို့၏ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (work permit) များအား ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာနက အသစ်လဲလှယ်ပေးခဲ့ပါသည်။ ထိုသူတို့အား နိုင်ငံသားစိစစ်အတည်ပြုခြင်း (Nationality Verification၊ နိုင်/စစ်) လုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်နေစဉ် အတွင်း ထိုင်းနိုင်ငံအတွင်း နေထိုင်အလုပ်လုပ်ကိုင်ရန် ထပ်တိုးသက်တမ်းတစ်နှစ် ခွင့်ပြုပေးခဲ့ပါသည်။ နိုင်/စစ် လုပ်ငန်းစဉ်သည် ၂၀၁၀ခုနှစ် အတွင်း အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များအား အသစ်လဲလှယ်ခြင်း၏ အစိတ်အပိုင်း တစ်ခု ဖြစ်ပါသည်။ ရွှေ့ပြောင်းအလုပ်သမားများဦးရေ ၉၃၂,၂၅၅ ဦးအနက် ၂၆ ရာခိုင်နှုန်း (၂၄၅,၁၂၁ ဦး) မှာ နိုင်/စစ်လုပ်ငန်းစဉ် ပြီးဆုံး၍ ယာယီနိုင်ငံကူးလက်မှတ်/ သက်သေခံကဒ်ပြား ရရှိကာ ထိုင်းနိုင်ငံအတွင်း ၄ နှစ်အထိ တရားဝင်အလုပ်လုပ်ကိုင်ခွင့် ရရှိခဲ့ကြပြီ ဖြစ်ပါသည်။ သို့သော် ၇၄ ရာခိုင်နှုန်း (၆၈၇,၁၃၄ ဦး) မှာ နိုင်/စစ်လုပ်ငန်းစဉ် ပြီးဆုံးအောင် ဆောင်ရွက်ဆဲဖြစ်ပြီး သက်ဆိုင်ရာအာဏာပိုင်များက ၎င်းတို့၏ နိုင်/စစ် လုပ်ငန်းစဉ်လျှောက်လွှာများကို စိစစ်ဆောင်ရွက်နေစဉ် ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်လိုပါက ၎င်းတို့၏ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များအား ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလမကုန်မီ အသစ်လဲလှယ်ရန် လိုအပ်ပါသည်။ နိုင်/စစ်လုပ်ငန်းစဉ်များအားလုံး ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အပြီးသတ်ဆောင်ရွက်ရန် အလုပ်သမား ဝန်ကြီးဌာနက အစောပိုင်းက ကြေငြာထားခဲ့ပါသည်။

ဤကြေငြာချက်တွင် ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နောက်ဆုံးစည်းမျဉ်းများနှင့် ၂၀၁၁ ခုနှစ်တွင် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်များ အသစ်လဲလှယ်ရမည့် လုပ်ငန်းအဆင့်များနှင့် အချိန်ကာလ သတ်မှတ်ချက်များကို အသေးစိတ် ထည့်သွင်းဖော်ပြထားပါသည်။

၂၀၁၁ ခုနှစ် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ အသစ်လဲလှယ်ခြင်း

နိုင်/စစ် လုပ်ငန်းစဉ်ဆောင်ရွက် မပြီးစီးသေးဘဲ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ (သို့) ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းကုန်ဆုံးမည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ/ဗမာနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများသည် အောက်ဖော်ပြပါ လုပ်ငန်းအဆင့်များ၊ အချိန်ကာလများနှင့် အခကြေးငွေများ အတိုင်း ၎င်းတို့၏အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များအား အသစ်လဲလှယ်ရန် လိုအပ်မည် ဖြစ်ပါသည်–

လုပ်ငန်းအဆင့်များ	၂၀၁၁ခုနှစ်ဇန်နဝါရီလ၂၀ ရက်နေ့တွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းကုန်ဆုံးမည့် ရွှေ့ပြောင်းသူများ လျှောက်လွှာတင်ရမည့်ကာလ	၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းကုန်ဆုံးမည့် ရွှေ့ပြောင်းသူများ လျှောက်လွှာတင်ရမည့်ကာလ
၁။ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ကျန်းမာရေး ဆေးပေးခန်းများတွင် ကျန်းမာရေး စစ်ဆေးခြင်းနှင့် ကျန်းမာရေးအာမခံ လျှောက်ထားခြင်း။	• ၂၀၁၀ခုနှစ်ဒီဇင်ဘာလ ၁ရက်နေ့ မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့အထိ။	• ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ။
၂။ ပြည်နယ် အလုပ်သမားရေးရာရုံးများ (သို့) ဘန်ကောက်အလုပ်သမားရေးရာရုံးများ နယ်မြေ (၁-၁၀) တွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် အသစ်လဲလှယ်ခြင်း။	• ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ နောက်ဆုံး။	• ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နောက်ဆုံး။

အလုပ်လုပ်ကိုင်ခွင့်လက်မှတ် အသစ်လဲလှယ်ခြင်း လုပ်ငန်းအဆင့်များ ပြီးစီးအောင် ဆောင်ရွက်ရန် မည်သည့်စာရွက်စာတမ်းများနှင့် အခကြေးငွေများ လိုအပ်သနည်း?

၁။ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအာမခံ လျှောက်ထားရန်။

စာရွက်စာတမ်းများ–

- သက်တမ်းမကုန်ဆုံးသေးသော အလုပ်လုပ်ကိုင်ခွင့်လက်မှတ်

အခကြေးငွေများ–

- ကျန်းမာရေးစစ်ဆေးရန် ၆၀၀ ဘတ်
- ကျန်းမာရေးအာမခံအတွက် ၁,၃၀၀ ဘတ် (သက်တမ်း၂၀၁၂ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ)

၂။ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် အသစ်လဲလှယ်ရန် (အလုပ်သမားရေးရာရုံးတွင် ရွှေ့ပြောင်း အလုပ်သမားသည် အလုပ်ရှင် (သို့) ကိုယ်စားလှယ်လွှဲစာပါ ကိုယ်စားလှယ်နှင့်အတူ ကိုယ်တိုင် လာရောက်တင်ပြရမည်)

စာရွက်စာတမ်းများ–

- သက်တမ်းမကုန်ဆုံးသေးသော အလုပ်လုပ်ကိုင်ခွင့်လက်မှတ်
- အထက်ပါအဆင့် ၁ တွင်ရရှိခဲ့သော ကျန်းမာရေးစစ်ဆေးချက်လက်မှတ်
- ပြည်ပအလုပ်သမားများခန့်ထားရန် ခွင့်ပြုချက်(ခွဲတမ်းပမာဏ)
- အလုပ်ရှင်၏ စိစစ်ရေးကဒ်မိတ္တူ (သို့) ကုမ္ပဏီမှတ်ပုံတင်စာရွက် မိတ္တူ
- ဘတ် ၁၀ တန်တံဆိပ်ခေါင်းကပ်ထားသော ကိုယ်စားလှယ်လွှဲစာ (ရွှေ့ပြောင်းအလုပ်သမားသည် အလုပ်ရှင်၏ကိုယ်စားလှယ်နှင့်လာမည်ဆိုပါက)

အခကြေးငွေများ–

- လျှောက်လွှာတင်ခ ၁၀၀ ဘတ်
- အလုပ်လုပ်ကိုင်ခွင့်လက်မှတ် အသစ်လဲလှယ်ရန်ကုန်ကျစရိတ်မှာ အလုပ်လုပ်ရာကဏ္ဍနှင့် ပြည်နယ် အပေါ် မူတည်ပါသည်။ အိမ်တွင်းအလုပ်သမားများနှင့် အလုပ်ကြမ်းသမားများသည် ပြည်နယ် အလိုက် အလုပ်လုပ်ကိုင်ခွင့် တစ်နှစ်စာအတွက် ဘတ် ၉၀၀ မှ ဘတ် ၁,၈၀၀ အထိ ကုန်ကျနိုင်ပါသည်။ ငါးဖမ်းလုပ်ငန်း၊ ရေထွက်ပစ္စည်းပြုပြင်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် လုပ်ကိုင်ကြသော ရွှေ့ပြောင်းသူများသည် ပြည်နယ်အားလုံး၌ အလုပ်လုပ်ကိုင်ခွင့်တစ်နှစ်လျှင် ဘတ် ၉၀၀ ကုန်ကျနိုင်ပါသည်။

အလုပ်လုပ်ကိုင်ခွင့်လက်မှတ် အသစ်လဲလှယ်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ပြည်နယ် အလုပ်သမားရေးရာရုံးများ(သို့) ဘန်ကောက်အလုပ်သမားရေးရာရုံးများနယ်မြေ (၁-၁၀) (သို့မဟုတ်) နိုင်ငံခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံး (ဖုံး၀၂-၃၅၄၁၇၆၇၊ ၀၂-၃၅၄၁၇၆၉) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

<u>မြန်မာ/ဗမာ ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးကို ရနောင်းမြို့တွင် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ အထိဖွင့်လှစ်</u>

မြန်မာ/ဗမာယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးကို ထိုင်းနိုင်ငံ၊ ရနောင်းမြို့တွင် ၂၀၁၀ခုနှစ် ဇူလိုင်လ၌ ဖွင့်လှစ်၍ လုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်ပေးလျှက်ရှိပြီး ၂၀၁၀ခုနှစ် ဒီဇင်ဘာလအထိ ဆက်လက်ဖွင့်လှစ်ထားမည် ဖြစ်ပါသည်။ ရွှေ့ပြောင်းအလုပ်သမားများသည် မုတ်သုံရာသီ (ဇူလိုင်–စက်တင်ဘာ) အတွင်း အန်ဒမန်ပင်လယ်ကို ဖြတ်ကာ ရနောင်းမြို့မှ ကော့သောင်းမြို့သို့ အန္တရာယ်ကြားမှသွားလာကြရမည် ဖြစ်သဖြင့် ကော့သောင်းမြို့၊ မြန်မာနိုင်ငံတွင် ၎င်းတို့၏ ယာယီနိုင်ငံကူးလက်မှတ် ထုတ်ယူရမည့်အစား ထိုင်းနိုင်ငံအတွင်းတွင် ထုတ်ယူနိုင်ရန် ဤရုံးကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၀ ဇူလိုင်လမှစတင်၍ မဲဆောက်/မြ၀တီနယ်စပ်ရှိ ထိုင်း–မြန်မာ ချစ်ကြည်ရေးတံတားပိတ်ပင်ထားမှုကြောင့် မြ၀တီမြို့ရှိ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး ပိတ်ထားစဉ်အချိန်အတွင်း ရွှေ့ပြောင်းအလုပ်သမားများသည် တာချီလိတ်မြို့ရှိ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၌လည်း နိုင်ငံကူးလက်မှတ်များ ထုတ်ယူရရှိနိုင်ပါသည်။

<u>နေရပ်ပြန်လည်ပို့ဆောင်ရေးရံပုံငွေစည်းမျဉ်း[၁]က အခကြေးငွေများနှင့် ပေးဆောင်ရန် လုပ်ထုံးလုပ်နည်းများသတ်မှတ်</u>

*၂၀၀၈ ခုနှစ် ပြည်ပလုပ်သားများ အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာဥပဒေ*အရ နေရပ်ပြန်လည်ပို့ဆောင်ရေး ရံပုံငွေ ထူထောင်ရန် စည်းမျဉ်းတစ်ရပ်ကို ၂၀၁၀ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် အစိုးရက လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤစည်းမျဉ်းသည် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် စတင်အသက်ဝင်လာပါလိမ့်မည်။ စည်းမျဉ်းတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ/ဗမာနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများက အလုပ်ရှင်များမှတဆင့် ရံပုံငွေပေးဆောင်ခြင်းနှင့် လက်ခံ ဖြတ်ပိုင်းရယူခြင်း လုပ်ထုံးလုပ်နည်းများ အဆင့်ဆင့်ကို ဖော်ပြထားပါသည်။

- **မည်သူတွေက မည်သို့ပေးဆောင်ကြရမည်နည်း?** ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ/ဗမာ နိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများ (ယာယီအလုပ်လုပ်ကိုင်ခွင့်လက်မှတ် ထုတ်ယူရရှိသူ၊ နိုင်/စစ် လုပ်ငန်းစဉ် ပြီးဆုံး၍ အလုပ်လုပ်ကိုင်ခွင့် ၂ နှစ် ရရှိထားသူ (သို့မဟုတ်) သဘောတူနားလည်မှုစာချုပ် နှင့်အညီ ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ရန်စုဆောင်းခံရသူ)သည် နေရပ်ပြန်လည်ပို့ဆောင်ရေးရံပုံငွေသို့ ထည့်ဝင်ကြရမည် ဖြစ်ပါသည်။ လုပ်ငန်းရှင်က ရွှေ့ပြောင်းအလုပ်သမား၏ လစာထဲမှ ပေးသွင်းရမည့် သတ်မှတ်ငွေပမာဏကို နှုတ်ယူပြီး ပထမအရစ်ကို ၂၀၁၁ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နောက်ဆုံးထား၍ ရံပုံငွေထည့်ဝင်ပေးရမည် ဖြစ်ပါသည်။ ပြည်နယ်အလုပ်သမားရေးရာရုံးများ (သို့) ဘန်ကောက်ရှိ နိုင်ငံခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံးတွင် သွားရောက်ပေးဆောင်ကြရပါမည်။ တစ်ခြားနည်းလမ်းအဖြစ် အလုပ်သမားရေးရာဌာနမှ အသိအမှတ် ပြုသည့် စီးပွားရေးဘဏ်များ၊ စာတိုက်ရုံးများနှင့် အခြားနေရာများတွင် သွားရောက်စီစဉ်ဆောင်ရွက်နိုင်ပါသည်။[၂]

- **ရွှေ့ပြောင်းအလုပ်သမားတစ်ဦးသည် ရံပုံငွေပေးဆောင်ထားသည့် အထောက်အထားရရှိနိုင်မည်လား?** လုပ်ငန်းရှင်သည် ရံပုံငွေပေးဆောင်သည့် အကြိမ်တိုင်းအတွက် ပြေစာဖြတ်ပိုင်းတစ်ခု ရရှိမည်ဖြစ်သည်။ ၎င်းပြေစာဖြတ်ပိုင်းအား သက်ဆိုင်ရာအလုပ်သမားသို့ ပေးအပ်ထားရပါမည်။

- **နေရပ်ပြန်လည်ပို့ဆောင်ရေးရံပုံငွေသို့ ရွှေ့ပြောင်းအလုပ်သမားများက မည်မျှထည့်ဝင်ပေးဆောင်ကြရမည်နည်း?** ထည့်ဝင်ပေးဆောင်ကြရမည့်ငွေစုစုပေါင်းမှာ ရွှေ့ပြောင်းအလုပ်သမား၏ နိုင်ငံသားအလိုက် ကွဲပြားနိုင်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံသားများက တစ်ဦးလျှင် ဘတ် ၂,၁၀၀ ပေးဆောင်ရမည်ဖြစ်ပြီး လာအိုနှင့်မြန်မာ/ဗမာ နိုင်ငံသားများက တစ်ဦးလျှင် စုစုပေါင်းဘတ် ၂,၄၀၀ ပေးဆောင်ရပါမည်။

---

[၁] ပြည်ပလုပ်သား နေရပ်ပြန်လည်ပို့ဆောင်ရေးရံပုံငွေဆိုသည်မှာ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ သက်တမ်းကုန်ဆုံးသွားသော ရွှေ့ပြောင်းအလုပ်သမားများအား မူရင်းနေရပ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရာတွင် သုံးစွဲမည့်ရံပုံငွေ ဖြစ်ပါသည်။

[၂] ထိုင်းနိုင်ငံပြည်နယ်အားလုံးရှိ မြို့တော်ဝန်များသို့ အလုပ်သမားဝန်ကြီးဌာနမှ ဖြန့်ဝေသည့်စာအရ (ရော်နော် ၀၃၀၇/ဝေါ၂၀၄၁၂၊ ရက်စွဲ ၂၀၁၀ နိုဝင်ဘာလ ၃)။

ပေးဆောင်ရမည်ငွေများအား ၆ လ ခွဲ၍ လစဉ် ၁၅ ရက်နေ့တိုင်းတွင် အရစ်ကျပေးသွင်းရမည် ဖြစ်ပါသည်။ ၆ လတာကာလအတွင်းတွင် လာအိုနှင့်မြန်မာ/ဗမာနိုင်ငံသားအလုပ်သမားများက တစ်ကြိမ်လျှင် ဘတ် ၄၀၀ နှင့် ကမ္ဘောဒီးယားနိုင်ငံသားအလုပ်သမားများက တစ်ကြိမ်လျှင် ဘတ် ၃၅၀ ပေးသွင်းကြရမည် ဖြစ်ပါသည်။

- **ထိုင်းနိုင်ငံတွင် တရားဝင်အလုပ်လုပ်ခွင့်သက်တမ်းကုန်ဆုံး၍ ရွှေ့ပြောင်းလုပ်သား/သမတစ်ဦးသည် ထိုင်းနိုင်ငံမှတရားဝင်ထွက်ခွာတော့မည်ဆိုပါက ပေးသွင်းထားသည့် နေရပ်ပြန်လည်ပို့ဆောင်ရေးရံပုံငွေအားလုံး ပြန်လည်ထုတ်ယူရရှိနိုင်မည်လား?** ထုတ်ယူရရှိပါမည်။ လုပ်ထုံးလုပ်နည်းများ မသတ်မှတ်ရသေးသဖြင့် နောက်ပိုင်းစည်းမျဉ်းသတ်မှတ်ရာတွင် ပါဝင်လာမည်ဟုသာ ပြောနိုင်ပါသေးသည်။

လာအိုနိုင်ငံသားရွှေ့ပြောင်းအလုပ်သမားများ၏ နိုင်/စစ် လုပ်ငန်းစဉ်ကာလတိုးမြှင့်

လက်ရှိဆောင်ရွက်လျက်ရှိသော လာအိုနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ၏ နိုင်/စစ်လုပ်ငန်းစဉ်ကာလအား ၂၀၁၀ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မှ ၂၀၁၀ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ ရုံးခန်းအား ဟုမ်းအင်တောင်း (Home In Town) အဆောက်အဦး၊ ၅/၂၄ ဖဟိုယိုထင်းလမ်း၊ စီကန်၊ ဒုံမောင်း၊ ဘန်ကောက်မြို့တွင် ဖွင့်လှစ်ထားပါသည်။ အသေးစိတ်သိရှိလိုပါက ဖုံး -၀၂-၅၃၂၃၃၀၃-၅၊ ၀၂-၅၃၂၃၂၈၈ (ဘန်ကောက်)၊ (သို့မဟုတ်) ပြည်နယ် အလုပ်သမားရေးရာရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စာရင်းဇယားများ*

- **သဘောတူနားလည်မှုစာချုပ်နှင့်အညီ စုဆောင်းခဲ့သော ရွှေ့ပြောင်းသူစုစုပေါင်း (၂၀၀၅-၂၀၁၀)**

နိုင်ငံသား	လုပ်ငန်းရှင်များလျှောက်ထားခဲ့သည့် အလုပ်သမားအရေအတွက်	ထိုင်းနိုင်ငံအတွင်း ဝင်ရောက်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုခဲ့ပြီး အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ရရှိထားသည့် ရွှေ့ပြောင်းသူများအရေအတွက်
ကမ္ဘောဒီးယား	၉၄,၇၄၄	၃၀,၂၄၈
လာအို	၈၈,၇၇၁	၁၇,၅၇၈
မြန်မာ/ဗမာ	၇၅,၄၈၀	၅၈၃
စုစုပေါင်း	၂၅၈,၉၉၅	၄၈,၄၀၉

** ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာန၊ နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်ရေးရုံးမှ ၂၀၁၀ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကောက်ယူထားသော နောက်ဆုံးရရှိသည့် အချက်အလက်များဖြစ်ပါသည်။*

- **၂၀၁၀ ခုနှစ် အတွင်း နိုင်/စစ် လုပ်ငန်းစဉ်ဆောင်ရွက်နေသည့်အခြေအနေများ**

နိုင်ငံသား	၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ အထိ နိုင်/စစ် ဆောင်ရွက်ရန် ရွေးချယ်ထားသည့် ရွှေ့ပြောင်းသူများအရေအတွက်	၂၀၁၀ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ နိုင်/စစ် လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးသည့် ရွှေ့ပြောင်းသူများအရေအတွက်	နိုင်/စစ် လုပ်ငန်းစဉ် ဆောင်ရွက် မပြီးစီးသေးသည့် ရွှေ့ပြောင်းသူများ အရေအတွက်
ကမ္ဘောဒီးယား	၅၆,၄၇၉	၃၁,၄၂၈	၂၅,၀၅၁
လာအို	၆၂,၇၉၂	၂၅,၃၇၀	၃၇,၄၂၂
မြန်မာ/ဗမာ	၈၁၂,၉၈၄	၁၈၈,၃၂၃	၆၂၄,၆၆၁
စုစုပေါင်း	၉၃၂,၂၅၅	၂၄၅,၁၂၁	၆၈၇,၁၃၄

** ထိုင်းအလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားရေးဌာန၊ နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်ရေးရုံးမှ ၂၀၁၀ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကောက်ယူထားသော နောက်ဆုံးရရှိသည့် အချက်အလက်များဖြစ်ပါသည်။*

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းအလုပ်သမားများအစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးခွဲမှထုတ်ဝေသည်။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုံး -၀၂-၃၄၃၉၃၀၀၊ ဖက်စ် - ၀၂-၃၄၃၉၃၉၉၊ (သို့မဟုတ်) e-mail: migrantnews@iom.int. သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။